မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်တေ
စုံစမ်းစစ်ဆေးမှု ယန္တရား

မြန်မာနိုင်ငံမှာ ကြီးလေးသောနိုင်ငံတကာ ရာဇဝတ်မှုတိ ကျူးလွန်ရေလူတိကို
တရားစီရင်နိုင်ဖို့အတွက် လိုအပ်တေ အထောက်အထားတိ စုဆောင်းခြင်း




# မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်တေ စုံစမ်းစစ်ဆေးမှု ယန္တရားဆိုစွာ ဇာအဖွဲ့ အစည်းပါလေး။

မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်တေ စုံစမ်းစစ်ဆေးမှု ယန္တရားဆိုစွာ (IIMM သို့မဟုတ် ယန္တရား) ကို ၂၀၁၈ ခုနှစ် စက်တင်ဘာလမှာ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီကနီ တည်ထောင်ခရေ ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခု ဖြစ်ပါရေ။ ယန္တရားစွာရေ ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုတိကို သမာသမတ်ကျကျနဲ့ လွတ်လွတ်လပ်လပ် စုံစမ်းစစ်ဆေးပါရေ။ ပြစ်မှုကျူးလွန်ရေ လူ သို့မဟုတ် ထိခိုက်နစ်နာရေလူတိရဲ့ ပတ်သက်ဆက်နွယ်မှု သို့မဟုတ် လူမျိုး အပေါ် မခွဲခြားဘဲ၊ ၂၀၁၁ ခုနှစ် နောက်ပိုင်း မြန်မာပြည်အနှံ့ ကျူးလွန်ခရေ စစ်ရာဇဝတ်မှုတိ၊ လူသားမျိုးနွယ်တိအပေါ် ကျူးလွန်ရေ ရာဇဝတ်မှုတိနဲ့ လူမျိုးပြုန်းစီမှုတိကို စုံစမ်းစစ်ဆေးပါရေ။

မြန်မာနိုင်ငံက အကြီးလေးဆုံး နိုင်ငံတကာရာဇဝတ်မှုကျူးလွန်ရေလူတိစွာ တစ်နိတစ်ရက် တရားမျှတမှု ရင်ဆိုင်ရနိုင်ဖို့အတွက် သေချာအောင် ဆောင်ရွက်စွာမှာ ယန္တရားရဲ့အလုပ်စွာ ကကောင်းအရေးကြီးပါရေ။

## ယန္တရားဇာတိ လုပ်ပါရေလေး။

ယန္တရားစွာ မြန်မာနိုင်ငံအတွင်းကျူးလွန်ခရေ အကြီးလေးဆုံးသောနိုင်ငံတကာရာဇဝတ်မှုတိအတွက် တာဝန်အရှိဆုံးပုဂ္ဂိုလ်တိကို တရားစွဲဆိုရေအခါ အလွယ်တကူ စီရင်ဆောင်ရွက်နိုင်စီရန်အတွက် သက်သေအထောက်အထားတိကို စုဆောင်းခြင်း၊ ထိန်းသိမ်းထားခြင်းနဲ့ စိစစ်သုံးသပ်ခြင်းတိ ဆောင်ရွက်ပါရေ။ အနာဂတ် အမှုစစ်ဆေးခြင်း၏ အောင်မြင်မှုစွာ သက်သေအထောက်အထားတိ မပျောက်လားခင်၊ မပျက်လားခင် လက်ဟိမှာ စုဆောင်းထိန်းသိမ်းထားနိုင်ခြင်း၊ အချက်အလက်တိ ဟောင်းမလားခင် သက်သေထွက်ဆိုချက်တိကို မှတ်တမ်းတင်ထားနိုင်ခြင်း၊ အစရှိရေ အချက်တိအပေါ် မူတည်ပါရေ။

ယန္တရားစွာ ပြည်တွင်း၊ ဒေသတွင်းနဲ့ နိုင်ငံတကာတရားရုံးတိမှာ တရားစွဲဆိုဆောင်ရွက်မှုတိအတွက် အသုံးပြုလို့ရရေ အထောက်အထားတိနဲ့ စိစစ်သုံးသပ်ချက်တိကို သက်ဆိုင်ရာအာဏာပိုင်တိနဲ့ မျှဝေပါရေ။ လက်ဟိမှာဆိုကေ ယန္တရားစွာရေ ရိုဟင်ဂျာတိအပေါ်ကျူးလွန်ရေ ရာဇဝတ်မှုတိနဲ့ ပတ်သက်ပနာ တရားစွဲဆိုဆောင်ရွက်မှုတိအတွက် နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC)၊ နိုင်ငံတကာတရားရုံး (ICJ) နဲ့ အာဂျင်တီးနားတရားရုံးတိနဲ့ အထောက်အထားတိ၊ စိစစ်သုံးသပ်ချက်တိကို မျှဝေနီပါရေ။

ယန္တရားအနေနဲ့ ဖမ်းဆီးခြင်း သို့မဟုတ် တရားစွဲဆိုခြင်း သို့မဟုတ် အမှုစစ်ခြင်းတိ ဆောင်ရွက်ဖို့အတွက် အခွင့်အာဏာမရရှိထားပါ။

## ယန္တရားကို အချက်အလက်တိ ဇာပိုင်ပီးပို့လို့ ရရေလေး။

လျှို့ဝှက်ကုဒ်အသွင်ပြောင်းနည်းစနစ်သုံးထားရေ ဆက်သွယ်ရေးလမ်းကြောင်းတိဖြစ်တေ Signal သို့တည်းမဟုတ် Proton Mail တိကနီ **ယန္တရားကို လုံခြုံစွာ** ဆက်သွယ်နိုင်ပါရေ။

signal.org က **Signal App** ကို ဒေါင်းလုပ်ချပြီးကေ Signal No. +41 76 691 1208 ကို မက်ဆေ့ချ် ပို့လိုက်ပါ။ သို့တည်းမဟုတ် proton.me အခမဲ့ **Proton** မေးလ် အကောင့်တစ်ခု ဖန်တီးပြီးကေ အီးမေးလ် **contact@myanmar-mechanism.org** ကိုလေး ပီးပို့လို့ရပါရေ။

ပီးပို့ရေလူရဲ့ ဘေးကင်းလုံခြုံမှုနဲ့ ကိုယ်ရေးအချက်အလက်တိစိတ်ချလုံခြုံမှုစွာ ယန္တရားအတွက် အဓိကဦးစားပီး ဖြစ်ပါရေ။ ယင်းအတွက်နဲ့ ယန္တရားစွာရေ ပီးပို့လိုက်တေ အချက်အလက်တိ သို့မဟုတ် ကိုယ်ရေးအချက်အလက်တိကို ပီးပို့ရေလူဘားက ခွင့်ပြုချက် မရဘဲနဲ့ အခြားလူတိနဲ့ မျှဝေခြင်းမပြုပါ။